## Alumni Zoom Meeting Minutes

Date : 7th September 2024
Time : 8 pm ~ 10 pm
Meeting Attendance: 6 from CVT and 16 Alumni

### 1. Meeting ရည်ရွယ်ချက်

- CVT updates များ နှင့် ပြီးခဲ့သော Alumni ပွဲ မှ အကြံပြုချက်များကို အခြေခံပြီး ရှေ့ဆက်လုပ်ငန်းစဉ်များအတွက် ဆွေးနွေးရန်နှင့် အကြံပေးချက်များ ရယူရန် ရည်ရွယ်သည်။

### 2. Meeting Expective outcome:

- To form CVT Alumni Delegate Team
- To make a plan effectively to reach or support the above activities (sharing & caring, promoting Alumni business, and so on….)

### 3. CVT မှ ဆွေးနွေးထားသည့်အချက်များ-

- Alumni Association ဖွဲ့စည်းပြီးအဓိကလုပ်ဆောင်ချက် 4 ချက် အတွက် ဖော်ဆောင်ရန်ရှိပါသည်။

  (Ref: CVT Website Link -https://www.cvtmyanmar.com/networking-and-support-platform/ တွင်ဝင်ရောက်ကြည့်ရှုရန်)

  - အသက်မွေးဝမ်းကျောင်းနှင့် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး (Career and Professional Development)
  - မိတ်ဖက်လုပ်ငန်းအတွက် ပူးပေါင်းဆောင်ရွက်ရေး (Collaboration for Partnership)
  - ပြန်ကြားရေးနှင့် ဆက်သွယ်ရေး (Public Relations and Communication)
  - ရေရှည်တည်တံ့ရေးနှင့် ရန်ပုံငွေရှာဖွေခြင်း (Fundraising for Sustainability)

### 4. ကျောင်းသားဟောင်းများအတွက် အကျိုးကျေးဇူးများ-

I. သင်တန်းအခွင့်အလမ်းများ- CVT ကျောင်းသားဟောင်းများသည် CVT မှ ဖွင့်လှစ်သော သင်တန်းအားလုံးအတွက် သင်တန်းကြေး 25% လျှော့စျေးကို ခံစားနိုင်ပါသည်။ ထို့အပြင် မိမိ၏မိတ်ဆွေများ ဆွေမျိုးများ အား သင်တန်းတစ်ခုခုကို ညွှန်းဆိုပါက ထိုသူများ အတွက်လည်း သင်တန်းကြေး 20% လျှော့စျေး ရရှိမည်ဖြစ်သည်။

II. အခမဲ့ကြော်ငြာခြင်း- CVT ကျောင်းသားဟောင်းများသည် စီးပွားရေးအသင်းအဖွဲ့များနှင့် အဖွဲ့အစည်းပေါင်း 200 ကျော်ထံ ဖြန့်ဝေထားသည့် CVT ၆ လတစ်ကြိမ် သတင်းလွှာတွင် ၎င်းတို့၏ လုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာ အချက်အလက်များကို အခမဲ့ ကြော်ငြာနိုင်ပါသည်။

**III.** CVT ကျောင်းသားဟောင်းများအနေနှင့် မိမိ၏သင်တန်းများ အတွက် စာသင်ခန်းများနှင့် workshop အလုပ်ရုံဆွေးနွေးပွဲများ အတွက် နေရာအသုံးပြုရန်လိုခဲ့ပါက သင်တန်းများ

အသိပညာများမျှဝေရန် အခကြေးငွေသက်သာစွာဖြင့် CVT ၏ စာသင်ခန်းနှင့် Zoom Account ကို အသုံးပြုနိုင်ပါသည်။

## 5. ကျောင်းသားဟောင်းများမှ ပြန်လည်ဆွေးနွေးခြင်း

1. ကျောင်းသားဟောင်းများနှင့် ပြန်လည်ချိတ်ဆက်ခြင်း- (ကိုဇော်မင်းထွဋ်မှ ဆွေးနွေးသည်။)

- ယခင်ကျောင်းသားဟောင်းများနှင့် ပြန်လည်ချိတ်ဆက်၍မရပါက အဖွဲ့အသစ်များဖွဲ့စည်းလိုကြောင်း၊
- 2017 ကျောင်းသားဟောင်းများပွဲနှင့်ဆင်တူသော အလွတ်သဘောစုဝေးခြင်းတစ်ခုကို ပြုလုပ်ချင်ကြောင်း၊
- အနာဂတ်လှုပ်ရှားမှုများအတွက် ယနေ့တက်ရောက်သူများထဲမှ ကျောင်းသားဟောင်းများကို ရွေးချယ်ခြင်း များပြုလုပ်ပြီး ကျောင်းသားဟောင်းများအားလုံးနှင့် သီးသန့် Zoom အစည်းအဝေး ကို CVT မပါဝင်ဘဲ သီးသန့်အောက်တိုဘာလလယ်တွင် ပြုလုပ်ချင်ကြောင်း ဆွေးနွေးသွားပါသည်။
- CVT အတွက် CM နှင့် Metal အတွက် သင်တန်းဖွင့်ရန်မြေနေရာ အဆောက်အဦ နေရာနှင့် ငွေကြေး အရင်းအမြစ်များ ရှာဖွေရန်အတွက် လည်း ဆွေးနွေးသွားပါသည်။

2. ကျောင်းသားဟောင်းများ ပါဝင်မှုကို စည်းရုံးခြင်း- (ဒေါ်ယမင်းအေးမှဆွေးနွေးသည်။)

- Alumni Association တွင် ကျောင်းသားဟောင်းများ ပိုမို ပါဝင်လာအောင်၊ Association ပေါ်ပေါက်လာအောင် ဦးဆောင် တိုက်တွန်းမယ့် Delegates အဖွဲ့လေး လတ်တလော ဖွဲ့စည်းပါကလည်း ပါဝင်ကူညီရန် ဆန္ဒရှိကြောင်း ဆွေးနွေးသွားပါသည်။

3. ပံ့ပိုးမှုနှင့် အရင်းအမြစ်များ- (HG မှ Honey၊ CA မှ ကို အာကာခင်ညွန့် နှင့် ကိုမောင်မောင်ခ တို့မှဆွေးနွေးသည်။)

- Honey က သူ၏ သူငယ်ချင်းများ ကို ယနေ့ ပြုလုပ်သော Alumni ပွဲ နှင့် ဆွေးနွေးထားသည် များကို လက်လှမ်းမီသလောက် ပြန်လည် မျှဝေပေးပါမည်ဖြစ်ကြောင်း CVT Website ကိုလည်း မျှဝေပေးမည် ဖြစ်ကြောင်းဆွေးနွေးသွားပါသည်။
- CA မှ ကျောင်းသားဟောင်းနှစ်ဦးမှလည်း Alumni Association ဖွဲ့စည်းခြင်း နှင့် CVT အတွက် မည်သည့်ကဏ္ဍတွင်မဆို ပါဝင်ကူညီရန် အဆင်သင့်ရှိနေကြောင်းနှင့် မိမိ၏ကျောင်းနေဖက် လက်လှမ်းမီ သလောက် သူငယ်ချင်းများကို သတင်းအချက်အလက်တွေ မျှဝေပေးမည်ဖြစ်ကြောင်းမျှဝေခဲ့ပါသည်။

4. <u>ဆက်သွယ်ရေးနှင့် ကွန်ရက်ချိတ်ဆက်ခြင်း- (YE4M Batch 12 မှ ကို ရဲမြင့်သူဆွေးနွေးသည်။)</u>

- Viber အဖွဲ့အတွက် ယနေ့တက်ရောက်လာသူများမှ မိမိ၏ သူငယ်ချင်းများ viber ဖုန်းနံပါတ်များကို Alumni Viber Group ထဲ ထည့်ရန် ပေးမည့်အကြောင်းနှင့် ကျောင်းဖက်မှ ဆက်သွယ်မည့် Focal person တွင် ကျောင်းသားဟောင်းတော်တော်များများကို လက်လှမ်းမီသော ကိုနေလင်းအောင် မှ အကူအညီပေးရန် အဆိုပြုခဲ့သည်။

**Follow up :**

1. CVT မှ ဝန်ထမ်းများမပါဘဲ ကျောင်းသားဟောင်းများအားလုံးနှင့် သီးသန့် Zoom အစည်းအဝေးများကို လာမည့် အောက်တိုဘာလလယ်တွင် စီစဉ်ရန်။
2. ယနေ့တက်ရောက်သော ကျောင်းသားဟောင်းများအဖွဲ့အသစ်များဖွဲ့စည်းခြင်းအား ဆက်လက်လုပ်ဆောင်ရန်။
3. ကျောင်းသားဟောင်းများအကြား သတင်းအချက်အလက်နှင့် အရင်းအမြစ်များကို ဆက်လက်မျှဝေရန်။
4. ၂၀၂၄ ဒီဇင်ဘာ လတွင်ကျင်းပမည့် ၄ကြိမ်မြောက် အစည်းအဝေးမတိုင်မီ အထက်ပါ follow up များ ပြီးမြောက်ဆောင်ရွက်နိုင်ရန်အတွက် CVT မှ ဆက်လက်ပံ့ပိုးရန်။